မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၁၀ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် ( ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

**သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်နေ့) တွင် နေပြည်တော်၊ ဉပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနဒ္ဓဇမဟာဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **“သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ”** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) **နာယကအဖွဲ့**

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၄) | အဖွဲ့ဝင် |

(၅) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
သာသနာရေးဝန်ကြီးဌာန

(၆) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၇) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(ခ) **ဦးစီးကော်မတီ**

(၁) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
သာသနာရေးဝန်ကြီးဌာန

(၂) ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
သမ္မတရုံးဝန်ကြီးဌာန (၁)
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

(၃) တိုင်းမှူး — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၆) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၇) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သာသနာရေးဝန်ကြီးဌာန

(၈) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

(၉) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန

(၁၀) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၁၁) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန

(၁၂) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(၁၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၄) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၁၅) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၆) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(၁၇) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(၁၈) ဦးသန်းဌေး　　အဖွဲ့ဝင်
ကောင်စီဝင်
နေပြည်တော်ကောင်စီ

(၁၉) ရဲချုပ်　　အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၂၀) ဦးအုံ့မောင်　　အဖွဲ့ဝင်
အကြံပေးပုဂ္ဂိုလ်
နိုင်ငံတော်သမ္မတရုံး

(၂၁) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
နိုင်ငံတော်သမ္မတရုံး

(၂၂) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(၂၃) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

(၂၄) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

(၂၅) ဒုတိယဝန်ကြီး　　အတွင်းရေးမှူး
သာသနာရေးဝန်ကြီးဌာန

၂။　ဦးစီးကော်မတီသည် လုပ်ငန်းများ စနစ်တကျအောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းသွားရန်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဌေးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ပါမောက္ခ (ဆေးပညာ) ဒေါက်တာသက်ခိုင်ဝင်းအား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

**စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဒုချီးရားတန်းကျေးရွာနှင့် ဒုချီးရားတန်း (အနောက်) ကျေးရွာတို့တွင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ ဖြစ်ပွားခဲ့သည့်ကိစ္စရပ်နှင့် ဇန်နဝါရီလ ၂၈ ရက်နေ့၌ ဖြစ်ပွားခဲ့သောကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သော **"စုံစမ်းစစ်ဆေးရေးကော်မရှင်"** ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဒေါက်တာသာလှရွှေ ဥက္ကဋ္ဌ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ခ) ဦးထွန်းအောင်ချိန် အဖွဲ့ဝင်
အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ဂ) ဒေါက်တာငွန်ကျုံးလျန် အဖွဲ့ဝင်
နိုင်ငံတကာဥပဒေပညာရှင်

(ဃ) ဒေါက်တာတင်သိန်းလွင် အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့

(င) ဦးတင်ဦး အဖွဲ့ဝင်
အငြိမ်းစားသံအမတ်ကြီး

(စ) ဟာဂျီဦးတင်မောင်ဝင်း အဖွဲ့ဝင်
အလုပ်အမှုဆောင်အဖွဲ့ဝင်
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့

(ဆ) ဦးဝင်းတည် အဖွဲ့ဝင်
အလုပ်အမှုဆောင်အဖွဲ့ဝင်
ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့

(ဇ) ဦးသာပွင့် (ရပ်ဖိရပ်ဖ) အဖွဲ့ဝင်
စစ်တွေမြို့
ရခိုင်ပြည်နယ်

(ဈ) ဦးလှသိန်း (ခ) မော်ဂျီဟူလာ (ရပ်မိရပ်ဖ) အဖွဲ့ဝင်
မောင်တောမြို့
ရခိုင်ပြည်နယ်

(ည) ဒေါက်တာကျော်ရင်လှိုင် အတွင်းရေးမှူး
Myanmar Egress

၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် အောက်ဖော်ပြပါကိစ္စရပ်များအပေါ် ဖြစ်စဉ်ဖြစ်ရပ်အမှန် ပေါ်ပေါက်ရန် စုံစမ်းစစ်ဆေးပြီး သုံးသပ်ချက်နှင့်တကွ အကြံပြုတင်ပြရမည် -

(က) ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်တွင် ဒုချီးရားတန်းကျေးရွာ၌ ခရေမြိုင်ရဲကင်းမှ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း သေဆုံးရသည့်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ဓမ္မတာ အတိုင်း သေဆုံးခြင်း ဟုတ်-မဟုတ်။

(ခ) ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် ဒုချီးရားတန်း (အနောက်) ကျေးရွာ မီးလောင်မှုဖြစ်ပွား ရသည့် အကြောင်းရင်းနှင့် မည်သူ့ပယောဂကြောင့် မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း။

(ဂ) ဒုချီးရားတန်း (အနောက်) ကျေးရွာ မီးလောင်သည့်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အခြေအမြစ်မရှိသော မမှန်ကန်သည့် သတင်းထုတ်လွှင့်မှုနှင့် မည်သူတို့က ဆောင်ရွက်ကြောင်း။

(ဃ) ဖြစ်စဉ်များကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှု၊ နေအိမ်ဥစ္စာပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအခြေအနေ။

(င) ထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ဆောင်ရွက်သင့်သည့် အကြံပြုချက်များ။

၃။ စုံစမ်းစစ်ဆေးရေးကော်မရှင် တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက် များကို နိုင်ငံတော်သမ္မတရုံးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က စီမံဆောင်ရွက်ပေးရမည်။

၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် သက်သေများ ဆင့်ခေါ်ခြင်း၊ စာရွက် စာတမ်းများ တောင်းခေါ်ခြင်းနှင့် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခွင့်

ရှိသည်။ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အရောက် နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်အစီရင်ခံတင်ပြရမည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

**ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၅၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် အကျုံးဝင်သည့် ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၃) ခွင့်ပြုချက်ဖြင့် အောက်ပါဇယားအပိုဒ်ခွဲ (က) တွင် ပါရှိသော အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အား လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြေပုံအညွှန်းပါ ဧရိယာအကျယ်အဝန်း၊ နယ်မြေသတ်မှတ်ချက်တွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်တိတိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

| **လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း** | | |
|---|---|---|
| (က) | အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အမည် | - ဒေါ်အုန်းသန်း |
| (ခ) | မှတ်ပုံတင်အမှတ် | - ၃/ဘအန (နိုင်) ၀၄၃၃၉၁ |
| (ဂ) | နေရပ်လိပ်စာအပြည့်အစုံ | - ၈၁/၂၉ လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | - မကွေးတိုင်းဒေသကြီး |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | - |
| (စ) | ခရိုင် | - သရက် |
| (ဆ) | မြို့နယ် | - မင်းလှ |

| လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း | |
|---|---|
| (ဇ) အကျယ်အဝန်း (ဧက) | - ၄၂၃ ဧက |
| (ဈ) နယ်မြေသတ်မှတ်ချက် | - (၁) တီ-၉၆၀၀၇၂ မှ တီ-၉၈၀၀၇၂ ထိ |
| | (၂) တီ-၉၈၀၀၇၂ မှ တီ-၉၈၀၀၇၀ ထိ |
| | (၃) တီ-၉၈၀၀၇၀ မှ တီ-၉၆၄၀၆၀ ထိ |
| | (၄) တီ-၉၆၄၀၆၀ မှ တီ-၉၅၈၀၆၀ ထိ |
| | (၅) တီ-၉၅၈၀၆၀ မှ တီ-၉၅၆၀၆၃ ထိ |
| | (၆) တီ-၉၅၆၀၆၃ မှ တီ-၉၆၀၀၇၂ ထိ |
| (ည) မြေပုံညွှန်း | - တစ်လက်မ = တစ်မိုင်စကေး |
| (ဋ) မြေပုံအမှတ် | - **(၈၅/အိုင်-၉)** |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်သည့်နေ့မှစတင်၍ ဤခွင့်ပြုမိန့်နှင့်ပူးတွဲပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အညီ တိတိကျကျလုပ်ကိုင်ဆောင်ရွက်ရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၉ အရ အထက်အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်ကို ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။ ရေနံလက်ယက်တွင်း (ပေတိမ်) တူးဖော်ရာတွင် အများဆုံး အနက်ပေ ၁၀၀၀ (ပေတစ်ထောင်) အထိသာ တူးဖော်ရမည်။

၂။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းရှိ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်၊ အဟန့်အတားပြုလုပ်ထားရမည်။

၃။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသော ကလေးသူငယ်များ၊ ကျွဲ၊ နွားတိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရမည်။

၄။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ စနစ်တကျကြိုတင်ထားရှိရမည်။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့်ဧရိယာများတွင် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေးကို အထူးကြပ်မတ်ဆောင်ရွက်ရမည်။

၆။ ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက စွမ်းအင်ဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

၇။ နေ့စဉ် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများ ပြုစုထားရှိပြီး တစ်လလျှင် တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းကို လကုန်ပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

၈။ တူးဖော်ထုတ်လုပ်ခွင့်ရရှိသူအနေဖြင့် လျှောက်လွှာစိစစ်ပေးရသည့် ဝန်ဆောင်ခ၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (အသစ်) ကြေး၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (သက်တမ်းတိုး) ကြေးနှင့် တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့်မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရမည်။

၉။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သတ်မှတ်သည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်ပေးဆောင်ရမည်။

၁၀။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် စည်းကြပ်သည့်အမြတ်ခွန်ကို မပျက်မကွက်ပေးဆောင်ရမည်။

၁၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။ လုပ်ကိုင်ခွင့်ပြုမိန့် (အသစ်) နှင့် ခွင့်ပြုမိန့် (သက်တမ်းတိုး) ရရှိသူအားလုံးအတွက် **သုံးလအတွင်း ရေနံ**ထုတ်လုပ်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ

(က) ရေနံလက်ယက်တွင်းတိမ်တူးရန်နေရာကို တွင်းတစ်တွင်းနှင့်တစ်တွင်းကြား အရေးပေါ်မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ သတ်မှတ်ခြင်းနှင့် တွင်းတစ်တွင်းနှင့် တစ်တွင်းကြား မီးတားလမ်းများ ထားရှိခြင်းပြုရမည်။

(ခ) မီးသတ်ယာဉ်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိရမည်။

(ဂ) လုပ်ကွက်အတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်းမရှိသောနေရာဖြစ်လျှင် ယင်းနေရာ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားပါက အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဓာတုဗေဒဆေးမှုန့်ခြောက် မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Power Trolley Type 50 Kg, 35 Kg) များ ထားရှိရမည်။

(ဃ) ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များအကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) ကို အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်။

(င) ရေနံမြေဧရိယာကို သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်းနှင့် မီးသုံးစွဲခြင်းတို့ကို (လုံးဝ) ရှောင်ကြဉ်ရမည့်အပြင် မီးသတိပေးပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိခြင်း ပြုရမည်။

(စ) ရေနံတွင်းတိုင်းတွင် အရေးပေါ်မီးသတ်ကိရိယာများ၊ သဲကန်များနှင့် ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာ ထားရှိရမည်။

(ဆ) ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ကြရသည့် တွင်းခပ်ရေနံလုပ်သားများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရမည်။

(ဇ) တွင်းခပ်လုပ်သားများအား နေ့စဉ် အဆိုင်းသုံးဆိုင်းဖွဲ့စည်း၍ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံးပြီး လုပ်ငန်းဆောင်ရွက်စေခြင်းနှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ်ကြီးကြပ်နိုင်သူ အနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျကွပ်ကဲရမည်။

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆနည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ရမည်။

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်း သို့မဟုတ် ပလတ်စတစ်အုပ်ထားသောသံကိုင်းများ တပ်ဆင်သုံးစွဲခြင်းပြုရမည်။

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုဘဲ ပွတ်တိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အတင်/အချ ပြုလုပ်ရမည်။

(ဌ) ထုတ်လုပ်ရရှိလာသောရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းထားရှိခြင်းနှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်းဂါလန် ၁၀၀ ထက် ပိုမိုထားရှိခြင်းမပြုရ။

(ဍ) ရေနံစိမ်းများ သယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇော အပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၉၄/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

## ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၅၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် အကျုံးဝင်သည့် ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၃) ခွင့်ပြုချက်ဖြင့် အောက်ပါဇယားအပိုဒ်ခွဲ (က) တွင် ပါရှိသော အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အား လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြေပုံအညွှန်းပါ ဧရိယာအကျယ်အဝန်း၊ နယ်မြေသတ်မှတ်ချက်တွင်

၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်တိတိ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုလိုက်သည် -

| **လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း** | | |
|---|---|---|
| (က) | အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အမည် | - ဦးသန်းဆွေပါ (၂) ဦး |
| (ခ) | မှတ်ပုံတင်အမှတ် | - ၈/သရန (နိုင်) ဝ၃၇၃၂၈ |
| (ဂ) | နေရပ်လိပ်စာအပြည့်အစုံ | - ဗိုလ်အောင်ကျော်လမ်း၊ ဈေးရပ်ကွက်၊ သရက်မြို့။ |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | - မကွေးတိုင်းဒေသကြီး |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | - |
| (စ) | ခရိုင် | - သရက် |
| (ဆ) | မြို့နယ် | - မင်းလှ |
| (ဇ) | အကျယ်အဝန်း (ဧက) | - ၅၄ ဧက |
| (ဈ) | နယ်မြေသတ်မှတ်ချက် | - (၁) တီ-၉၈၁ဝ၇၄ မှ တီ-၉၉၄ဝ၈၁ ထိ<br>(၂) တီ-၉၉၄ဝ၈၁ မှ တီ-၉၉၅ဝ၈ဝ ထိ<br>(၃) တီ-၉၉၅ဝ၈ဝ မှ တီ-၉၈၁ဝ၇၂ ထိ<br>(၄) တီ-၉၈၁ဝ၇၂ မှ တီ-၉၈၁ဝ၇၄ ထိ |
| (ည) | မြေပုံညွှန်း | - တစ်လက်မ = တစ်မိုင်စကေး |
| (ဋ) | မြေပုံအမှတ် | - **(၈၅/အိုင်-၉)** |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်သည့် နေ့မှစတင်၍ ဤခွင့်ပြုမိန့်နှင့်ပူးတွဲပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အညီ တိတိကျကျလုပ်ကိုင် ဆောင်ရွက်ရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၉ အရ အထက်အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေး ဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်ကို ဆောင်ရွက် ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။ ရေနံလက်ယက်တွင်း (ပေတိမ်) တူးဖော်ရာတွင် အများဆုံး အနက်ပေ ၁ဝဝဝ (ပေတစ်ထောင်) အထိသာ တူးဖော်ရမည်။

၂။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းရှိ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်၊ အဟန့်အတားပြုလုပ်ထားရမည်။

၃။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသော ကလေးသူငယ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရမည်။

၄။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ စနစ်တကျကြိုတင်ထားရှိရမည်။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့်ဧရိယာများတွင် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေးကို အထူးကြပ်မတ်ဆောင်ရွက်ရမည်။

၆။ ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက စွမ်းအင်ဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

၇။ နေ့စဉ် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများ ပြုစုထားရှိပြီး တစ်လလျှင် တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းကို လကုန်ပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

၈။ တူးဖော်ထုတ်လုပ်ခွင့်ရရှိသူအနေဖြင့် လျှောက်လွှာစိစစ်ပေးရသည့် ဝန်ဆောင်ခ၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (အသစ်) ကြေး၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (သက်တမ်းတိုး) ကြေးနှင့် တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့် မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရမည်။

၉။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သတ်မှတ်သည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်ပေးဆောင်ရမည်။

၁၀။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် စည်းကြပ်သည့်အမြတ်ခွန်ကို မပျက်မကွက်ပေးဆောင်ရမည်။

၁၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော် ထုတ်လုပ်သည့်လုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။ လုပ်ကိုင်ခွင့်ပြုမိန့် (အသစ်) နှင့် ခွင့်ပြုမိန့် (သက်တမ်းတိုး) ရရှိသူအားလုံးအတွက် **သုံးလအတွင်း ရေနံ**ထုတ်လုပ်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ

(က) ရေနံလက်ယက်တွင်းတိမ်တူးရန်နေရာကို တွင်းတစ်တွင်းနှင့်တစ်တွင်းကြား အရေးပေါ်မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ သတ်မှတ်ခြင်းနှင့် တွင်းတစ်တွင်းနှင့် တစ်တွင်းကြား မီးတားလမ်းများ ထားရှိခြင်းပြုရမည်။

(ခ) မီးသတ်ယာဉ်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိရမည်။

(ဂ) လုပ်ကွက်အတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်းမရှိသောနေရာဖြစ်လျှင် ယင်းနေရာ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားပါက အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဓာတုဗေဒဆေးမှုန့်ခြောက် မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Power Trolley Type 50 Kg, 35 Kg) များ ထားရှိရမည်။

(ဃ) ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များအကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) ကို အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်။

(င) ရေနံမြေဧရိယာကို သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်းနှင့် မီးသုံးစွဲခြင်းတို့ကို (လုံးဝ) ရှောင်ကြဉ်ရမည့်အပြင် မီးသတိပေးပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိခြင်း ပြုရမည်။

(စ) ရေနံတွင်းတိုင်းတွင် အရေးပေါ်မီးသတ်ကိရိယာများ၊ သဲကန်များနှင့် ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာထားရှိရမည်။

(ဆ) ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ကြရသည့် တွင်းခပ်ရေနံလုပ်သားများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရမည်။

(ဇ) တွင်းခပ်လုပ်သားများအား နေ့စဉ် အဆိုင်းသုံးဆိုင်းဖွဲ့စည်း၍ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံးပြီး လုပ်ငန်းဆောင်ရွက်စေခြင်းနှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ်ကြီးကြပ်နိုင်သူ အနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျကွပ်ကဲရမည်။

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆနည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ရမည်။

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်းသို့မဟုတ် ပလတ်စတစ်အုပ်ထားသောသံကိုင်းများ တပ်ဆင်သုံးစွဲခြင်းပြုရမည်။

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုဘဲ ပွတ်တိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အတင်/အချ ပြုလုပ်ရမည်။

(ဌ) ထုတ်လုပ်ရရှိလာသောရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီရွှေ့ပြောင်းထားရှိခြင်းနှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်းဂါလန် ၁၀၀ ထက် ပိုမိုထားရှိခြင်းမပြုရ။

(ဍ) ရေနံစိမ်းများ သယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇောအပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၉၅/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

**ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၅၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် အကျုံးဝင်သည့် ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၃) ခွင့်ပြုချက်ဖြင့် အောက်ပါဇယားအပိုဒ်ခွဲ (က) တွင် ပါရှိသော အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အား လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြေပုံအညွှန်းပါ ဧရိယာအကျယ်အဝန်း၊ နယ်မြေသတ်မှတ်ချက်တွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်တိတိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

| | | |
|---|---|---|
| **လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း** | | |
| (က) | အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အမည် | - ဦးဟန်မောင်ပါ (၂) ဦး |
| (ခ) | မှတ်ပုံတင်အမှတ် | - ၈/မကန (နိုင်) ၀၇၉၁၅၂ |
| (ဂ) | နေရပ်လိပ်စာအပြည့်အစုံ | - အမှတ် (၂၃၄)၊ (၁၇) လမ်း၊ ရွာသစ်ရပ်၊ မကွေးမြို့။ |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | - မကွေးတိုင်းဒေသကြီး |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | - |
| (စ) | ခရိုင် | - သရက် |
| (ဆ) | မြို့နယ် | - မင်းလှ |
| (ဇ) | အကျယ်အဝန်း (ဧက) | - ၁၂၈ ဧက |
| (ဈ) | နယ်မြေသတ်မှတ်ချက် | - (၁) ယူ-၀၁၅၀၃၄ မှ ယူ-၀၂၀၀၃၆ ထိ<br>(၂) ယူ-၀၂၀၀၃၆ မှ ယူ-၀၂၆၀၂၃ ထိ<br>(၃) ယူ-၀၂၆၀၂၃ မှ ယူ-၀၂၃၀၂၂ ထိ<br>(၄) ယူ-၀၂၃၀၂၂ မှ ယူ-၀၁၅၀၃၄ ထိ |
| (ည) | မြေပုံညွှန်း | - တစ်လက်မ = တစ်မိုင်စကေး |
| (ဋ) | မြေပုံအမှတ် | - **(၈၅/အိုင်-၁၃)** |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်သည့်နေ့မှစတင်၍ ဤခွင့်ပြုမိန့်နှင့်ပူးတွဲပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အညီ တိတိကျကျလုပ်ကိုင်ဆောင်ရွက်ရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၉ အရ အထက်အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်ကို ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။ ရေနံလက်ယက်တွင်း (ပေတိမ်) တူးဖော်ရာတွင် အများဆုံး အနက်ပေ ၁၀၀၀ (ပေတစ်ထောင်) အထိသာ တူးဖော်ရမည်။

၂။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းရှိ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်၊ အဟန့်အတားပြုလုပ်ထားရမည်။

၃။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသော ကလေးသူငယ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရမည်။

၄။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ စနစ်တကျကြိုတင်ထားရှိရမည်။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ် ခွင့်ပြုထားသည့်ဧရိယာများတွင် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေးကို အထူးကြပ်မတ်ဆောင်ရွက် ရမည်။

၆။ ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက စွမ်းအင်ဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြား ရမည်။

၇။ နေ့စဉ် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများ ပြုစုထားရှိပြီး တစ်လလျှင် တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းကို လကုန်ပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

၈။ တူးဖော်ထုတ်လုပ်ခွင့်ရရှိသူအနေဖြင့် လျှောက်လွှာစိစစ်ပေးရသည့် ဝန်ဆောင်ခ၊ တူးဖော်ခွင့်ပြုမိန့် လိုင်စင် (အသစ်) ကြေး၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (သက်တမ်းတိုး) ကြေးနှင့် တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့် မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရမည်။

၉။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သတ်မှတ်သည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်ပေးဆောင်ရမည်။

၁၀။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် စည်းကြပ်သည့်အမြတ်ခွန်ကို မပျက်မကွက် ပေးဆောင်ရမည်။

၁၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော် ထုတ်လုပ်သည့်လုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။ လုပ်ကိုင်ခွင့်ပြုမိန့် (အသစ်) နှင့် ခွင့်ပြုမိန့် (သက်တမ်းတိုး) ရရှိသူအားလုံးအတွက် **သုံးလအတွင်း ရေနံ**ထုတ်လုပ်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ

(က) ရေနံလက်ယက်တွင်းတိမ်တူးရန်နေရာကို တွင်းတစ်တွင်းနှင့်တစ်တွင်းကြား အရေးပေါ်မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ သတ်မှတ်ခြင်းနှင့် တွင်းတစ်တွင်းနှင့် တစ်တွင်းကြား မီးတားလမ်းများ ထားရှိခြင်းပြုရမည်။

(ခ) မီးသတ်ယာဉ်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိရမည်။

(ဂ) လုပ်ကွက်အတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်းမရှိသောနေရာဖြစ်လျှင် ယင်းနေရာ၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားပါက အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဓာတုဗေဒဆေးမှုန့်ခြောက် မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Power Trolley Type 50 Kg, 35 Kg) များ ထားရှိရမည်။

(ဃ) ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များအကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) ကို အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်။

(င) ရေနံမြေဧရိယာကို သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်းနှင့် မီးသုံးစွဲခြင်း တို့ကို (လုံးဝ) ရှောင်ကြဉ်ရမည့်အပြင် မီးသတိပေးပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိခြင်း ပြုရမည်။

(စ) ရေနံတွင်းတိုင်းတွင် အရေးပေါ်မီးသတ်ကိရိယာများ၊ သဲကန်များနှင့် ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာ ထားရှိရမည်။

(ဆ) ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ကြရသည့် တွင်းခပ်ရေနံလုပ်သား များအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရမည်။

(ဇ) တွင်းခပ်လုပ်သားများအား နေ့စဉ် အဆိုင်းသုံးဆိုင်းဖွဲ့စည်း၍ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံးပြီး လုပ်ငန်းဆောင်ရွက်စေခြင်းနှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ်ကြီးကြပ်နိုင်သူ အနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျကွပ်ကဲရမည်။

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆ နည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ရမည်။

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်း သို့မဟုတ် ပလတ်စတစ်အုပ်ထားသောသံကိုင်းများ တပ်ဆင်သုံးစွဲခြင်းပြုရမည်။

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုဘဲ ပွတ်တိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အတင်/အချ ပြုလုပ်ရမည်။

(ဌ) ထုတ်လုပ်ရရှိလာသောရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းထားရှိခြင်းနှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်းဂါလန် ၁၀၀ ထက် ပိုမိုထားရှိခြင်းမပြုရ။

(ဍ) ရေနံစိမ်းများ သယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇော အပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် )

**ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရန် ထိန်းသိမ်းရေးကော်မတီ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့သည့် **ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရန် ထိန်းသိမ်းရေးကော်မတီ**ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည် -

(၁) ဦးမင်းထိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဦးသန်းအောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အတွင်းရေးမှူး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၃) ဦးကိုကိုဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၄) ဦးမြသန်း — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(၅) ဦးမြင့်ဦး — အဖွဲ့ဝင်
ဌာနမှူး (ရေ/သန့်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**(အစား)**

ဦးတင်မောင်ကြည် — အဖွဲ့ဝင်
ဌာနမှူး (လမ်း/တံတား)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

**ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄။) အား ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄။ )

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ရှေးဦးအရွယ်ကလေးသူငယ်**ဆိုသည်မှာ မွေးကင်းစမှ အသက်ရှစ်နှစ်ပြည့်သည့်အရွယ်အထိရှိသူကို ဆိုသည်။

(ခ) **နေ့ကလေးထိန်းဌာန**ဆိုသည်မှာ အသက်ခြောက်လပြည့်ပြီး အသက်သုံးနှစ်မပြည့်သေးသော ရှေးဦး အရွယ် ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှု၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာဘက်စုံဖွံ့ဖြိုးမှု ရရှိစေရန် ပြုစုပျိုးထောင်ပေးသော ဌာန၊ ကျောင်း သို့မဟုတ် လုပ်ငန်းကို ဆိုသည်။

(ဂ) **မူလတန်းကြိုကျောင်း**ဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ငါးနှစ်မပြည့်သေးသော ရှေးဦး အရွယ် ကလေးသူငယ်များနှင့် အသက်ငါးနှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်း

မပြုသေးသောသူများအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှု ရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများ ရရှိစေရန် ပြုစုပျိုးထောင်လေ့ကျင့်ပေးသော ဌာန၊ ကျောင်း သို့မဟုတ် လုပ်ငန်းကို ဆိုသည်။

(ဃ) **သုံးနှစ်မပြည့်မီ ကလေးများ ပြုစုပျိုးထောင်ရေးလမ်းညွှန်**ဆိုသည်မှာ အသက်သုံးနှစ်မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှု၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာဘက်စုံဖွံ့ဖြိုးမှု ရရှိစေရန် ဝန်ကြီးဌာနက ထုတ်ပြန်သော လမ်းညွှန်ချက်ကို ဆိုသည်။

(င) **မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်း**ဆိုသည်မှာ အသက်သုံးနှစ် ပြည့်ပြီး အသက်ငါးနှစ်မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားမှုဆိုင်ရာဘက်စုံဖွံ့ဖြိုးမှု ရရှိစေရန်နှင့် ဘဝတစ်သက်တာ အတွက် အလေ့အကျင့်ကောင်းများ ရရှိစေရန် ပြုစုပျိုးထောင်ရာတွင် လိုက်နာဆောင်ရွက်ရေး အတွက် ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်သော သင်ရိုးညွှန်းတမ်းကို ဆိုသည်။

(စ) **မူလတန်းကြိုအတန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနက ပညာရေးမြှင့်တင်မှု အစီအစဉ်အရ အခြေခံပညာကျောင်းများတွင် တွဲဖက်ဖွင့်လှစ်ထားသော မူလတန်းကြိုအတန်းကို ဆိုသည်။

(ဆ) **ရပ်ရွာအခြေပြုလုပ်ငန်း**ဆိုသည်မှာ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းတစ်ခုခု၏ ထောက်ပံ့မှု သို့မဟုတ် စီမံခန့်ခွဲမှုဖြင့် ပြည်သူလူထုက မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းတွင် ဆောင်ရွက်သော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ဇ) **အိမ်အခြေပြုလုပ်ငန်း**ဆိုသည်မှာ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း တစ်ခုခု၏ ထောက်ပံ့မှု သို့မဟုတ် စီမံခန့်ခွဲမှုဖြင့် စေတနာ့ဝန်ထမ်း မိခင်တစ်ဦး သို့မဟုတ် မိခင်များက အနီးပတ်ဝန်းကျင်ရှိ ရှေးဦးအရွယ်ကလေးသူငယ်တို့ကို အိမ်တစ်အိမ်တွင် စုစည်း၍ လုံခြုံစိတ်ချရသောနေရာနှင့် လှုံ့ဆော်မှုကောင်းသော သင်ယူမှုပတ်ဝန်းကျင်တို့ကို ဖန်တီးပြီး ဆောင်ရွက်သော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ဈ) **တည်ထောင်ခွင့်ပြုမိန့်**ဆိုသည်မှာ နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခွင့်ပြု၍ မှတ်ပုံတင်ပြီး ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ည) **ခွင့်ပြုချက်**ဆိုသည်မှာ ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ ဆောင်ရွက်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဝန်ကြီး**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဍ) **ဗဟိုကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ရှေးဦးအရွယ်ကလေးသူငယ် ပြုစု ပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဎ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးဦးအရွယ်ကလေးသူငယ်များကို မှန်ကန်သော အသိစိတ်ဓာတ်အခြေခံသည့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး စသည်များ ဘက်စုံဖွံ့ဖြိုးစေရေးအတွက် ကလေးသူငယ်ဖွံ့ဖြိုးရေးစံနှုန်းများနှင့်အညီ ပြုစုပျိုးထောင်ရန်၊

(ခ) နိုင်ငံတစ်ဝန်းလုံး နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ဖွင့်လှစ်နိုင်ရန်နှင့် ကလေးသူငယ်များအား စနစ်တကျပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးအတွက် နည်းပညာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန်၊

(ဂ) ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအား နေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများကို စနစ်တကျ တည်ထောင်ဖွင့်လှစ်ခွင့်ပြုခြင်းအားဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်၊

(ဃ) ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ရှေးဦးအရွယ်ကလေးသူငယ်များအား အခြေခံကျန်းမာရေးစောင့်ရှောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရေးအတွက် ဖြည့်ဆည်းပေးနိုင်ရန်။

## အခန်း (၃)
## ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | |
|---|---|
| (၁) ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၆) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၈) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

(၉) သင့်လျော်သောစေတနာ့ဝန်ထမ်း အဖွဲ့ဝင်
လူမှုရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်များ

(၁၀) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၁) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ဗဟိုကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း ပြုနိုင်သည်။

၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ပေးအပ်သော အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များအပြင် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည် -

(က) ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာအကူအညီနှင့် အသိပညာပေးရေးတို့အတွက် စီမံဆောင်ရွက်ခြင်း၊

(ခ) နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများကို မြို့များတွင်သာမက ကျေးရွာများအထိပါ နိုင်ငံတစ်ဝန်းလုံး ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်ခြင်းနှင့် သင့်လျော်သောအကူအညီနှင့် အထောက်အပံ့များ ပေးခြင်း၊

(ဂ) ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အစိုးရဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(င) ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအား နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများအား ခွင့်ပြုချက်များ ထုတ်ပေးခြင်း၊

(စ) ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်သော နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ရှေးဦးအရွယ်ကလေးသူငယ်များအား အခြေခံကျန်းမာရေး စောင့်ရှောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရန် အကူအညီပေးရေးအတွက် လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) ရှေးဦးအရွယ်ကလေးသူငယ်များအား ဖြည့်စွက်အာဟာရကျွေးမွေးမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် အမြွှာပူးကလေးမွေးဖွားသည့် မိခင်နှင့်ကလေးများအား သင့်လျော်သည့် အကူအညီအထောက်အပံ့များ ပေးခြင်း၊

(ဈ) ဤဥပဒေအရ ထူထောင်သောရန်ပုံငွေကို ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတို့၌ လိုအပ်သလို ခွဲဝေအသုံးပြုခွင့်ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ခြင်း။

## အခန်း (၄)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး -

(က) ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | |
|---|---|
| (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သော ဝန်ကြီးတစ်ဦးဦး | ဥက္ကဋ္ဌ |
| (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၈) သင့်လျော်သောစေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၉) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်းပြုနိုင်သည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ပေးအပ်သော အခြားတာဝန်နှင့်လုပ်ပိုင်ခွင့်များအပြင် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းပညာအကူအညီနှင့် အသိပညာပေးရေးတို့အတွက် စီမံဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့ကလည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့က ပေါင်းစပ်ညှိနှိုင်းပေးသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းတို့ကလည်းကောင်း ဖွင့်လှစ်သည့် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း။

**အခန်း (၅)**

**နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ**

၈။ နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် ပုဒ်မ ၈ အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး -

(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ သတ်မှတ်ထားသောသက်တမ်းနှင့် စည်းကမ်းချက်များအတိုင်း ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးလျှင် ယင်းသို့ ထုတ်ပေးခြင်းမပြုမီ မှတ်ပုံတင်ကြေးပေးသွင်းစေရမည်။

(ဃ) မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေးနှင့် အခြားအခကြေးငွေတို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၁၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ တင်ပြသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တည်ထောင်ခွင့်ပြုမိန့်ကို ထုတ်ပေးလျှင် ယင်းသို့ထုတ်ပေးခြင်းမပြုမီ မှတ်ပုံတင်ကြေးပေးသွင်းစေရမည်။

(ဂ) မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ကြေးနှင့် အခြားအခကြေးငွေတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၁၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းအား နေ့ကလေးထိန်း ဌာနနှင့် မူလတန်းကြိုကျောင်းတို့ကို တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုသည့်အခါ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။

၁၃။ တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း သည် တည်ထောင်ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်ထားရမည်။

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် ပုဒ်မ ၁၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ ရမည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြချက်ကို လက်ခံ ရရှိသည့်အခါ စိစစ်ပြီး -

(က) တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း ဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သဘောထား မှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း ဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ပေးခြင်းမပြုမီ သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေရမည်။

၁၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ တင်ပြလာသော တည်ထောင်ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တည်ထောင်ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် သက်တမ်း တိုးမြှင့်ကြေး ပေးသွင်းစေပြီး ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်။

## အခန်း (၆)

## နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများအတွက် သတ်မှတ်ချက်များ

၁၇။ နေ့ကလေးထိန်းဌာနဖွင့်လှစ်ရာတွင် -

(က) တာဝန်ခံကျောင်းအုပ်သည် အသက် ၂၅ နှစ်ပြည့်ပြီးသူဖြစ်ရမည့်အပြင် အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုဖြစ်စေ၊ ကလေးသူငယ်ကျွမ်းကျင်မှုဆိုင်ရာဒီပလိုမာအောင်လက်မှတ် ဖြစ်စေ ရရှိသူ သို့မဟုတ် သက်ဆိုင်ရာဒေသအခြေအနေအရ လူမှုဝန်ထမ်းဦးစီးဌာနက လက်ခံသည့် ပညာအရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမည်။

(ခ) တာဝန်ခံကျောင်းအုပ်နှင့် အနည်းဆုံးဆရာတစ်ဦးတို့သည် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ် ဖွင့်လှစ်သော သို့မဟုတ် သင့်လျော်သည်ဟု လက်ခံသော အသက်သုံးနှစ်မပြည့်သေးသူများ ပြုစု ပျိုးထောင်ရေးသင်တန်းတစ်ခုခုကို တက်ရောက်အောင်မြင်ပြီးသူများ ဖြစ်ရမည်။

(ဂ) သုံးနှစ်မပြည့်မီကလေးများ ပြုစုပျိုးထောင်ရေးလမ်းညွှန်အပြင် သီးခြားညွှန်ကြားချက်များနှင့်အညီ ရှေးဦးအရွယ်ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ရမည်။

(ဃ) အသက်တစ်နှစ်မပြည့်သေးသူများအတွက် အိပ်ရန်နေရာ၊ ကစားရန်နေရာနှင့် ပစ္စည်းများ စီစဉ်ထားရှိရမည့်အပြင် အသက်သုံးနှစ်မပြည့်သေးသူများအတွက်လည်း သင့်လျော်သောနေရာနှင့် ပစ္စည်းများ စီစဉ်ထားရှိရမည်။

(င) အသက်နှစ်နှစ်အောက် ကလေးသုံးဦးလျှင် ဆရာတစ်ဦး၊ အသက်နှစ်နှစ်မှ သုံးနှစ်အထိ ကလေးခြောက်ဦးလျှင် ဆရာတစ်ဦး ရှိရမည်။

(စ) နေ့ကလေးထိန်းဌာန ဖွင့်လှစ်မည့် အဆောက်အအုံသည် ရှေးဦးအရွယ်ကလေးသူငယ်တစ်ဦးစီအတွက် အနည်းဆုံးဧရိယာ ပျမ်းမျှ ၁၈ စတုရန်းပေစီ အကျယ်အဝန်းရှိရမည်။

(ဆ) လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သောအချက်များနှင့် ညီညွတ်ရမည်။

၁၈။ မူလတန်းကြိုကျောင်းဖွင့်လှစ်ရာတွင် -

(က) တာဝန်ခံကျောင်းအုပ်သည် အသက် ၂၅ နှစ်ပြည့်ပြီးသူဖြစ်ရမည့်အပြင် အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုဖြစ်စေ၊ ကလေးသူငယ်ကျွမ်းကျင်မှုဆိုင်ရာဒီပလိုမာအောင်လက်မှတ်ဖြစ်စေ ရရှိသူ သို့မဟုတ် သက်ဆိုင်ရာဒေသအခြေအနေအရ လူမှုဝန်ထမ်းဦးစီးဌာနက လက်ခံသည့်ပညာအရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမည်။

(ခ) တာဝန်ခံကျောင်းအုပ်နှင့် အနည်းဆုံးဆရာတစ်ဦးတို့သည် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ်ဖွင့်လှစ်သော သို့မဟုတ် သင့်လျော်သည်ဟု လက်ခံသော မူလတန်းကြိုဆရာသင်တန်းတစ်ခုခုကို တက်ရောက်အောင်မြင်ပြီးသူများ ဖြစ်ရမည်။

(ဂ) မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်း၊ ဆရာလက်စွဲ၊ သီးခြားညွှန်ကြားချက်များနှင့်အညီ ရှေးဦးအရွယ်ကလေးသူငယ်များအား ပြုစုပျိုးထောင်ပေးရမည်။

(ဃ) အသက်သုံးနှစ်မှ ငါးနှစ်အတွင်း ကလေး ၁၅ ဦးလျှင် ဆရာတစ်ဦး ရှိရမည်။

(င) မူလတန်းကြိုကျောင်းဖွင့်လှစ်မည့် အဆောက်အအုံသည် ရှေးဦးအရွယ်ကလေးသူငယ်တစ်ဦးစီအတွက် အနည်းဆုံးဧရိယာ ပျမ်းမျှ ၁၈ စတုရန်းပေစီ အကျယ်အဝန်းရှိရမည်။

(စ) လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သောအချက်များနှင့် ညီညွတ်ရမည်။

## အခန်း (၇)

## ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများ

၁၉။ ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ လျှောက်ထားရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် ပုဒ်မ ၁၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၂၀ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး -

(၁) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(၂) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက စိစစ်ပြီး ခွင့်ပြုချက်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၃) ပုဒ်မခွဲငယ် (၂) အရ ခွင့်ပြုချက်ထုတ်ပေးပါက ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေးပေးသွင်းစေရမည်။

(ခ) ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၂၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုချက်ထုတ်ပေးပါက ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေးပေးသွင်းစေရမည်။

(ဂ) ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၂၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းတို့ကို တည်ထောင်ဖွင့်လှစ်ခွင့်ပြုသည့်အခါ ခွင့်ပြုချက်သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၄။ ခွင့်ပြုချက်သက်တမ်းကုန်ဆုံးပြီးနောက် ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လိုလျှင် ခွင့်ပြုချက်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ လျှောက်ထားရမည်။

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၂၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၅ အရ ခွင့်ပြုချက်ရရှိထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး -

(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်လျှင် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ခြင်းမပြုမီ သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေရမည်။

၂၇။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) အရ တင်ပြသော သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုချက်သက်တမ်းတိုးမြှင့်ခွင့်ပြုလျှင် ယင်းသို့ သက်တမ်းတိုးမြှင့်ခြင်းမပြုမီ သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေရမည်။

၂၈။ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် -

(က) ရပ်ရွာအတွင်းရှိ ရှေ့ဦးအရွယ်ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးရေးကို ဦးတည်၍ ပြုစုပျိုးထောင် လေ့ကျင့်ပေးသည့်လုပ်ငန်းကို ဆောင်ရွက်ရမည်။

(ခ) တာဝန်ခံဆောင်ရွက်သူသည် အနည်းဆုံး အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။

(ဂ) ရပ်ရွာအတွင်းရှိ ကလေးပြုစုစောင့်ရှောက်သည့်နေရာ သို့မဟုတ် နေအိမ်သည် သပ်ရပ်လုံခြုံမှုရှိပြီး သင့်တင့်သောအကျယ်အဝန်းရှိရမည်။

(ဃ) သန့်ရှင်းကောင်းမွန်သော ရေအိမ်စနစ်ရှိရမည်။

(င) လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သောအချက်များနှင့် ညီညွတ်ရမည်။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက် ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၂၈ တို့ပါ သက်ဆိုင်ရာသတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာစည်းကမ်းချက်တစ်ရပ်ရပ် ဖောက်ဖျက်ကြောင်း တွေ့ရှိရလျှင် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသောဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၃၀။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၂၈ တို့ပါ သက်ဆိုင်ရာ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသောလုပ်ငန်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိရလျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသောဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

## အခန်း (၉)
## အယူခံခြင်း

၃၁။ (က) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက ဆောင်ရွက်သည့် နေ့ကလေးထိန်း ဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၉ အရ ချမှတ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏ အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ တင်ပြချက်ကို ပြန်လည်သုံးသပ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့က ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၂။ (က) ဗဟိုကြီးကြပ်ရေးအဖွဲ့က ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက ဆောင်ရွက်သည့် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၀ အရ ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးထံ အယူခံနိုင်သည်။

(ခ) ဝန်ကြီးသည် ပုဒ်မခွဲ (က) အရ တင်ပြချက်ကို ပြန်လည်သုံးသပ်ပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့က ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းထားသည့်ကာလအတွင်းတွင်သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင်သော်လည်းကောင်း နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း။

၃၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်ဆယ်သိန်းထက်မပိုသောငွေဒဏ် ချမှတ်ရမည် -

(က) ခွင့်ပြုချက်မရရှိဘဲ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ခ) ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းထားသည့်ကာလအတွင်းတွင်သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင်သော်လည်းကောင်း ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်း ဆောင်ရွက်ခြင်း။

## အခန်း (၁၁)
## ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၃၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ်ကို အောက်ပါရငွေများဖြင့် ထူထောင်နိုင်သည် -

(၁) ဤဥပဒေအရ ပေးသွင်းသည့် မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ကြေး၊ စီမံခန့်ခွဲရေးအမိန့်အရ ချမှတ်သည့် ဒဏ်ကြေးနှင့် အခြားအခကြေးငွေများ၊

(၂) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ။

(ခ) ယင်းရန်ပုံငွေများကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် သုံးစွဲနိုင်သည်။

၃၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ ယင်းစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံး ဆောင်ရွက်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၃၇။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များက နေ့ကလေးထိန်းဌာန၊ မူလတန်းကြို ကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်း ထောက်ပံ့သည့် ငွေကြေး၊ ပစ္စည်းများနှင့် နည်းပညာများကို လုပ်ငန်းစီမံချက်များနှင့်အညီ ထိရောက်စွာ အသုံးပြုရမည်။

၃၈။ လူမှုဝန်ထမ်းဦးစီးဌာနက တည်ဆဲကလေးသူငယ်ဥပဒေများအရ မှတ်ပုံတင်အသိအမှတ်ပြုထားသည့် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို ဆက်လက်တည်ထောင်ဖွင့်လှစ်လိုသူသည် ဤဥပဒေ ပြဋ္ဌာန်းပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့်ကို လျှောက်ထားရယူရမည်။

၃၉။ ဤဥပဒေပါပြစ်မှုများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး၏ ကြိုတင်ခွင့်ပြုချက် ဖြင့်သာ သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်။

၄၀။ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

**အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅။ )**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အဆိပ်များအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော “with fine which may extend to one thousand kyats,” ဆိုသည့် စကားရပ်ကို “with fine which may extend to five hundred thousand kyats,” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အဆိပ်များအက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) တွင် -

(က) ပုဒ်မခွဲငယ် (၁) ၌ ပါရှိသော “with fine which may extend to five hundred kyats,” ဆိုသည့် စကားရပ်ကို “with fine which may extend to three hundred thousand kyats,” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲငယ် (၂) ၌ ပါရှိသော “with fine which may extend to one thousand kyats,” ဆိုသည့် စကားရပ်ကို “with fine which may extend to five hundred thousand kyats,” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၄**

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့၌ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၊ အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၊ ကျောက်တံတားမဲဆန္ဒနယ်အား လွှတ်တော်အခွင့်အရေးကော်မတီ၏ လစ်လပ်နေသောနေရာတွင် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၄**

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း (ချောင်းဦးမဲဆန္ဒနယ်) ၏ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း (ချောင်းဦးမဲဆန္ဒနယ်) က ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်း" အား ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။ )**

၁၃၇၅ ခုနှစ်၊                    လ          ရက်

( ၂၀၁၄ ခုနှစ်၊              လ      ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွံ့ဖြိုးရေးလုပ်ငန်း**ဆိုသည်မှာ မြို့နယ်ကို အခြေခံ၍ ခွဲဝေသတ်မှတ်သည့် ပြည်ထောင်စု၏ ထောက်ပံ့ငွေဖြင့် သက်ဆိုင်ရာမြို့နယ်အတွင်း လွှတ်တော်ကိုယ်စားလှယ်များက အကောင်အထည်ဖော် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရန်ပုံငွေလျာထားခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်က ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(ဂ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့် သက်ဆိုင်ရာမြို့နယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(ဃ) **မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တာဝန်ခံကြီးကြပ်ရန် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဤဥပဒေအရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(င) **ဘဏ္ဍာရေးကော်မရှင်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ဖွဲ့စည်းတာဝန်ပေးအပ်သည့် ဘဏ္ဍာရေးကော်မရှင်ကို ဆိုသည်။

(စ) **ဖွံ့ဖြိုးရေးရန်ပုံငွေ**ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသော ထောက်ပံ့ငွေကို ဆိုသည်။

(ဆ) **ဖွံ့ဖြိုးရေးရန်ပုံငွေ နှစ်စဉ်လျာထားချက်**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုလွှတ်တော်ရုံးက ဘဏ္ဍာရေးကော်မရှင်သို့ အရအသုံးခန့်မှန်းခြေငွေစာရင်း၌ လျာထားခွင့်ပြုပေးရန် အဆိုပြုသည့် ထောက်ပံ့ငွေကို ဆိုသည်။

(ဇ) **လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဗဟိုအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်၌ ဗဟိုကော်မတီက ခွင့်ပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေသုံးစွဲရာတွင် ဗဟိုကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ၊ လုပ်ငန်း၏မူလရည်ရွယ်ချက်နှင့် ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ၊ လုပ်ငန်းများနှင့်စာရင်းများကို စစ်ဆေးရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရေးအတွက်လည်းကောင်း ဗဟိုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်သူတို့က ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်၍ အမျိုးသားစီမံကိန်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်းများတွင် ပါဝင်ခြင်းမရှိသည့် ဖွံ့ဖြိုးရေး

လုပ်ငန်းငယ်များကို လွှတ်တော်ကိုယ်စားလှယ်များက ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် မဲဆန္ဒရှင် ပြည်သူများအား ကူညီမှုပြုနိုင်ရန်၊

(ခ) လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရယူပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ကျကျ မျှတစွာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများ၏အကျိုးအတွက် မြို့နယ်အလိုက် သုံးစွဲရန်ခွင့်ပြုထားသော ထောက်ပံ့ငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်သည့် အလေ့အကျင့်ရရှိစေရန်။

## အခန်း (၃)
## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ နှစ်စဉ်လျာထားခွင့်ပြုခြင်း

၄။ ပြည်ထောင်စုလွှတ်တော်ရုံးသည် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဖွံ့ဖြိုးရေး ရန်ပုံငွေကို နှစ်စဉ်လျာထားပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။

၅။ ဗဟိုကော်မတီသည် ပြည်ထောင်စုလွှတ်တော်ရုံးက နှစ်စဉ်အဆိုပြုသည့် ဖွံ့ဖြိုးရေးရန်ပုံငွေ လျာထားချက်ကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ကြမ်းတွင် ပြည်ထောင်စု၏ထောက်ပံ့ငွေအဖြစ် ထည့်သွင်းခွင့်ပြုနိုင်ရန် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဖြစ်သည့် ထောက်ပံ့ငွေများကို သက်ဆိုင်ရာမြို့နယ် အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ယင်းက တာဝန်ပေးခြင်းခံရသူသည် ငွေထုတ်သူအရာရှိအဖြစ် ဆောင်ရွက်ရမည်။ ရန်ပုံငွေများကို သုံးစွဲခြင်းနှင့် ငွေထုတ်ပေးခြင်းတို့ကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့က ကြီးကြပ်သူအဖြစ် ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း (၄)
## ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၇။ ပြည်ထောင်စုလွှတ်တော်သည် ဗဟိုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | နာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော်<br>ဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ<br>ပြည်ထောင်စုလွှတ်တော် | အဖွဲ့ဝင် |

(စ) ဥက္ကဋ္ဌ                                        အဖွဲ့ဝင်
စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ
ပြည်ထောင်စုလွှတ်တော်

(ဆ) အတွင်းရေးမှူး                                        အတွင်းရေးမှူး
ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
ပြည်ထောင်စုလွှတ်တော်

(ဇ) အတွင်းရေးမှူး                                        တွဲဖက်အတွင်းရေးမှူး
စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ
ပြည်ထောင်စုလွှတ်တော်

၈။ ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒ ချမှတ်ခြင်း၊

(ခ) ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်လျာထားသတ်မှတ်၍ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းရေးဆွဲနိုင်ရန် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့က အဆိုပြုတင်ပြသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ပူးပေါင်းကော်မတီများအား စိစစ်တင်ပြရန် လိုအပ်သလို တာဝန်ပေးအပ်ခြင်း၊

(ဃ) ဖွံ့ဖြိုးရေးရန်ပုံငွေကို မြို့နယ်အရွယ်အစားနှင့် ဖွံ့ဖြိုးမှုအလိုက် စိစစ်ခွဲဝေပြခြင်း၊

(င) ဖွံ့ဖြိုးရေးရန်ပုံငွေကို သုံးစွဲရန် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ သုံးစွဲစေခြင်း၊

(စ) လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဗဟိုအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လိုအပ်သလို ဖွဲ့စည်း တာဝန်ပေးအပ်ခြင်း၊

(ဆ) မြို့နယ်များ၏ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စာရင်းချုပ်ပြုစု၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအစီရင်ခံခြင်း၊

(ဇ) ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးအား တာဝန်လွှဲအပ်ဆောင်ရွက်စေခြင်း။

## အခန်း (၅)

## မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ဖြင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ နေပြည်တော်ကောင်စီအတွင်းရှိ မြို့နယ်များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့ဖြင့်သာ ဖွဲ့စည်းရမည်။

၁၀။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဒေသအတွက် အမှန်တကယ်လိုအပ်သည့် လုပ်ငန်းများကို ကုန်ကျစရိတ်မကြီးမြင့်စေဘဲ အလေးထားဆောင်ရွက်ခြင်း၊

(ခ) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ရယူသည့် နည်းလမ်းအား အလေးထားအသုံးပြုခြင်း၊

(ဂ) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မြို့နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ သဘောထားကိုပါ ထည့်သွင်းစဉ်းစားနိုင်ရန် သက်ဆိုင်ရာတိုင်းရင်းသားဝန်ကြီးများကို လိုအပ်သလို ဖိတ်ကြား၍ အကြံဉာဏ်များ ရယူညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဗဟိုကော်မတီက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း။

## အခန်း (၆)
## လုပ်ငန်းနှင့်စာရင်းစစ်ဆေးမှုခံယူခြင်း

၁၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုလွှတ်တော်နာယကက အကြောင်းကြားသည့်အခါ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကို ဤဥပဒေနှင့်အညီ စစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာကို တင်ပြရမည်။

၁၂။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်သက်ဆိုင်သော စာရင်းဇယားများ၊ မှတ်တမ်းများနှင့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ ပေးပို့တင်ပြရမည်။

## အခန်း (၇)
## မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ နှစ်စဉ်လျာထားသတ်မှတ်ခြင်း

၁၃။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လျာထားသတ်မှတ်ရာ၌ ဒေသခံပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ရယူနိုင်သည့် အောက်ပါလုပ်ငန်းများအနက် လုပ်ငန်းငယ်များကို ဦးစားပေးလျာထားရမည် -

(က) သောက်သုံးရေရရှိရေးလုပ်ငန်းများ၊

(ခ) ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊

(ဂ) ပြည်သူလူထု၏ အမှန်တကယ်လိုအပ်နေသော အခြားလုပ်ငန်းများ။

၁၄။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခြင်းမရှိပါက ပိုလျှံရန်ပုံငွေများကို ပြန်လည်အပ်နှံရမည်။

## အခန်း (၈)
## အထွေထွေ

၁၅။ ဖွံ့ဖြိုးရေးရန်ပုံငွေသည် ပြည်ထောင်စု၏ထောက်ပံ့ငွေဖြစ်ပြီး ဆောင်ရွက်သောလုပ်ငန်းများသည်လည်း ပြည်သူများနှင့်ပူးပေါင်း၍ ပြည်သူ့အကျိုးအတွက် ဖြည့်ဆည်းပေးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းငယ်များဖြစ်သဖြင့် အခွန်အခကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်။

၁၆။ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် လုပ်ငန်းသဘောသဘာဝအရ ငွေလုံးငွေရင်းအသုံးစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်ထားသော လုပ်ငန်းမျိုးမဟုတ်သဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ စိစစ်ရေးအဖွဲ့၊ ဗဟိုစက်ပစ္စည်းနှင့် စာရင်းအင်းစိစစ်ရေးကော်မတီတို့၏စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်။

၁၇။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေရန်၊ ကိုးကွယ်မှုဘာသာအချင်းချင်း ပဋိပက္ခဖြစ်စေရန်၊ နိုင်ငံရေးပါတီများအချင်းချင်း စိတ်ဝမ်းကွဲပြားစေရန်၊ ဒေသတွင်း နားလည်ချစ်ကြည်မှုကို ထိပါးစေရန် လှုံ့ဆော်ဆောင်ရွက်ခြင်းမျိုးကို ရှောင်ကြဉ်ရမည်။

၁၈။ မည်သူမဆို ဖွံ့ဖြိုးရေးရန်ပုံငွေကို နည်းလမ်းတစ်မျိုးမျိုးဖြင့် ဖြတ်တောက်ခြင်း၊ မရိုးမဖြောင့်သော သဘောဖြင့် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပါက ပြစ်မှုဆိုင်ရာဥပဒေအရ အလွဲသုံးစားပြုမှုကျူးလွန်သည်ဟု မှတ်ယူရမည်။

၁၉။ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီသည် -

(က) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဆောင်ရွက်ချက်မှတ်တမ်းနှင့် ရန်ပုံငွေသုံးစွဲမှုစာရင်းဇယားတို့ကို အများပြည်သူသိရှိစေရန် သက်ဆိုင်ရာလုပ်ငန်းနေရာ၌ အမှတ်အသားဆိုင်းဘုတ်ဖြင့် ပြသထားရမည်။

(ခ) ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုချင်းစီအလိုက် အမှန်သုံးစွဲရသော အထွေထွေကုန်ကျစရိတ်ကို သက်ဆိုင်ရာလုပ်ငန်း စုစုပေါင်းကုန်ကျစရိတ်၏ သုံးရာခိုင်နှုန်းထက်မကျော်လွန်စေဘဲ သုံးစွဲခွင့်ရှိသည်။

၂၀။ ပြည်ထောင်စုလွှတ်တော်ရုံးသည် -

(က) ဗဟိုကော်မတီနှင့် ယင်းက ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့များ၏ ကုန်ကျစရိတ်များ ကျခံရမည်။

(ခ) ဗဟိုကော်မတီ၏ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၂၁။ (က) တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရသာ လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေမထုတ်ပြန်မီ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များသည် ဤဥပဒေနှင့်အညီ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်ရုံးက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဗဟိုကော်မတီသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုလွှတ်တော်ရုံးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

### နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်တွင် ဥက္ကဋ္ဌနေရာ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

အမျိုးသားလွှတ်တော်တွင် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သည့် နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်၏ ဥက္ကဋ္ဌနေရာတွင် တပ်မတော်သား

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင် **အစား** ယင်းကော်မရှင်၏အတွင်းရေးမှူး ဦးမြင့်သိန်းအား အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၄**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

**မဟာဗျူဟာလေ့လာရေးနှင့်သုတေသနကော်မတီတွင် ဥက္ကဋ္ဌနေရာ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်တွင် ၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သည့် မဟာဗျူဟာလေ့လာရေးနှင့်သုတေသနကော်မတီ၏ ဥက္ကဋ္ဌနေရာတွင် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမောင်မောင်ထူး **အစား** တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်အား အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၄**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

**ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်တွင် ၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သည့် ဥပဒေကြမ်းကော်မတီ၌ အဖွဲ့ဝင် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမောင်မောင်ထူး **အစား** တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်အား အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ကလေးသူငယ်တရားသူကြီး ဒေါ်အေးအေးမော် (တ/၂၁၄၆) အား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင် ဖြစ်ပွားသော ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်နိုင်ရန်အလို့ငှာ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၀ ပုဒ်မခွဲ (က) အရ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းလိုက်သည် -

(၁) မရမ်းကုန်းမြို့နယ်
(၂) ကမာရွတ်မြို့နယ်
(၃) လှိုင်မြို့နယ်
(၄) ရန်ကင်းမြို့နယ်
(၅) ကြည့်မြင်တိုင်မြို့နယ်
(၆) စမ်းချောင်းမြို့နယ်
(၇) အလုံမြို့နယ်
(၈) လမ်းမတော်မြို့နယ်
(၉) လသာမြို့နယ်
(၁၀) ပန်းဘဲတန်းမြို့နယ်
(၁၁) ကျောက်တံတားမြို့နယ်
(၁၂) ဗိုလ်တထောင်မြို့နယ်
(၁၃) ပုဇွန်တောင်မြို့နယ်
(၁၄) ဗဟန်းမြို့နယ်
(၁၅) ဒဂုံမြို့နယ်
(၁၆) မင်္ဂလာတောင်ညွန့်မြို့နယ်
(၁၇) တာမွေမြို့နယ်
(၁၈) သာကေတမြို့နယ်
(၁၉) ဒေါပုံမြို့နယ်
(၂၀) ဆိပ်ကမ်းမြို့နယ်

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| အမှတ်စဉ် | အမည်နှင့်ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးငွေအောင်<br>တ/၂၄၇၈ | ပုသိမ်ကြီး<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်စန္ဒာ<br>တ/၂၃၄၆ | ပြည်<br>ပဲခူးတိုင်းဒေသကြီး |
| ၃။ | ဒေါ်အေးအေးမွန်<br>တ/၂၄၁၄ | ကျိုက်ထို<br>မွန်ပြည်နယ် |
| ၄။ | ဒေါ်သန်းသန်းငွေ<br>တ/၁၈၄၅ | မြို့နယ်တရားရုံး (စည်ပင်သာယာ)<br>ပုဇွန်တောင်<br>ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဒေါ်ခင်မာဝင်း<br>တ/၂၅၀၆ | ပင်လည်ဘူး<br>စစ်ကိုင်းတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

အမှတ် ၂ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် ဒေါက်တာသီတာဦးက ယင်း၏ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားရန် အဆိုပြုပေးပို့လာသည့် ဒေါ်သူသူငြိမ်း [၉/လဝန (နိုင်) ၁၆၂၃၄၇] အား ကိုယ်ရေးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူး၌ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ

၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၁၂၀,၀၀၀ိ-၂,၀၀၀ိ-၁၃၀,၀၀၀ိ) တွင် အမြင့်ဆုံး လစာငွေ ၁၃၀,၀၀၀ိ/- ကို ခံစားခွင့်ပြုလိုက်သည်။

မြသိန်း
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

### တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ကြေညာချက် အမှတ် (၁/၂၀၁၁) နှင့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄၆/၂၀၁၂) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးအား ယှဉ်တွဲ ဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၇၂၉၁<br>ဗိုလ်မှူးထွန်းထွန်းဝင်း | (အစား) | ကြည်း ၂၅၅၀၄<br>ဒုတိယဗိုလ်မှူးကြီးဒေါ်စိုးစိုးမြင့် |
| (၂) | ကြည်း ၃၃၁၄၄<br>ဗိုလ်မှူးကျော်ကျော်သက် | (အစား) | ကြည်း ၂၆၀၇၀<br>ဒုတိယဗိုလ်မှူးကြီးဒေါ်စန်းသီတာခင် |
| (၃) | ကြည်း ၂၂၀၃၁<br>ဗိုလ်မှူးလေးနိုင် | (အစား) | ကြည်း ၃၁၅၈၅<br>ဗိုလ်မှူးဆွေလင်းမြင့် |
| (၄) | ကြည်း ၂၆၁၄၅<br>ဗိုလ်မှူးကျော်မင်းဇော် | (အစား) | ကြည်း ၃၂၄၀၂<br>ဗိုလ်မှူးတင့်လွင် |

အမိန့်အရ

မြင့်နိုင်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/၂၀၁၁) တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၈၉၇၇<br>ဗိုလ်မှူးကြီးမောင်မောင်ထူး | (အစား) | ကြည်း ၂၇၁၉၁<br>ဒုတိယဗိုလ်မှူးကြီးမင်းသူ |
| (၂) | ကြည်း ၂၇၃၃၁<br>ဗိုလ်မှူးကျော်သူ | (အစား) | ကြည်း ၃၂၄၇၅<br>ဗိုလ်မှူးဇော်လင်းအောင် |
| (၃) | ကြည်း ၃၀၈၅၈<br>ဗိုလ်မှူးနိုင်နိုင်ဝင်း | (အစား) | ကြည်း ၃၃၅၁၈<br>ဗိုလ်မှူးမျိုးမောင်သိန်း |

အမိန့်အရ

မြင့်နိုင်

အဖွဲ့ဝင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၃/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

**ကချင်ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ် (၁၂)၊ (၅) လွှာ (အေ)၊ မြဝတီလမ်း၊ မြေနီကုန်း (မြောက်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကချင်ဒီမိုကရက်တစ်ပါတီ**အား ၂၀၁၄ ခုနှစ်၊

ဇန်နဝါရီလ ၁၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့် ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ကချင်ဒီမိုကရက်တစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ **( ၇၂ )** ဖြစ်ပါသည်။

အမိန့်အရ

အောင်မြင့်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၄/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

### ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် အစားထိုးပြောင်းလဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်စွဲပါ ကြေညာချက်အမှတ် (၃/၂၀၁၂) ဖြင့် အစားထိုးတာဝန်ပေးအပ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နေရာတွင် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးမောင်မောင် အစား ဦးဝင်းမြင့်အား စတင်တာဝန် ထမ်းဆောင်သည့်နေ့ရက်မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

အောင်မြင့်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၅/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် )

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၄) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၄) ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁)၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၅/၂၀၁၂)၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၄/၂၀၁၂)၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၈/၂၀၁၂)၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄/၂၀၁၃)၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၄/၂၀၁၃)၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၀/၂၀၁၃) နှင့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၀/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၄) ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**

(၁) ကြည်း ၂၈၇၁၄ (အစား) ကြည်း ၃၂၃၄၆
ဗိုလ်မှူးအောင်ဇင် ဗိုလ်မှူးမျိုးသူအောင်

(၂) ကြည်း ၂၃၉၇၈ (အစား) ကြည်း ၃၂၇၈၈
ဗိုလ်မှူးအောင်ခင်ဦး ဗိုလ်မှူးသန့်ဇင်

**ကယားပြည်နယ်လွှတ်တော်**

(၃) ကြည်း ၃၃၀၉၅ (အစား) ကြည်း ၂၂၆၀၃
ဗိုလ်မှူးတိုးထက်ကျော် ဗိုလ်မှူးနေထွန်း

**ကရင်ပြည်နယ်လွှတ်တော်**

(၄) ကြည်း ၃၀၅၇၉ (အစား) ကြည်း ၃၆၂၁၇
ဗိုလ်မှူးမြင့်ဝင်းရွှေ ဗိုလ်ကြီး/ဗိုလ်မှူးတေဇာအောင်

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

(၅) ကြည်း ၂၄၉၃၀ (အစား) ကြည်း ၃၀၆၆၈
ဗိုလ်မှူးကျော်မိုး ဗိုလ်မှူးလှထွန်း

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

(၆) ကြည်း ၃၃၁၇၇ (အစား) ကြည်း ၂၉၆၉၉
ဗိုလ်မှူးမျိုးသူရအောင် ဗိုလ်မှူးတင်မျိုးနောင်

(၇) ကြည်း ၂၈၆၈၇ (အစား) ကြည်း ၃၄၉၅၆
ဗိုလ်မှူးမျိုးကျော် ဗိုလ်မှူးဇော်လင်းအောင်

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

(၈) ကြည်း ၂၂၁၁၀ (အစား) ကြည်း ၃၆၅၀၂
ဒုတိယဗိုလ်မှူးကြီးညီဇော် ဗိုလ်ကြီး/ဗိုလ်မှူးဇော်ဦးလတ်

(၉) ကြည်း ၃၁၃၆၆ (အစား) ကြည်း ၃၆၀၄၈
ဗိုလ်မှူးသိန်းထူး ဗိုလ်ကြီး/ဗိုလ်မှူးသန်းစိုးဦး

**မကွေးတိုင်းဒေသကြီးလွှတ်တော်မှအဆက်**

(၁၀) ကြည်း ၃၃၆၃၈ (အစား) ကြည်း ၃၆၁၀၆
ဗိုလ်မှူးတင်မျိုးလတ် ဗိုလ်ကြီး/ဗိုလ်မှူးမျိုးမင်းမင်း

(၁၁) ကြည်း ၃၃၃၅၈ (အစား) ကြည်း ၃၆၅၄၄
ဗိုလ်မှူးသန့်ဇင်ဦး ဗိုလ်ကြီး/ဗိုလ်မှူးမြတ်သူ

(၁၂) လေ ၂၆၀၂ (အစား) လေ ၂၆၆၇
ဗိုလ်မှူးနိုင်လင်း ဗိုလ်မှူးဟန်ဝင်းထွဋ်

**မွန်ပြည်နယ်လွှတ်တော်**

(၁၃) ကြည်း ၂၇၄၅၆ (အစား) ကြည်း ၂၀၅၇၃
ဗိုလ်မှူးသက်မင်းထွန်း ဗိုလ်မှူးစိုးမြင့်ဦး

**ရခိုင်ပြည်နယ်လွှတ်တော်**

(၁၄) ကြည်း ၂၂၅၄၄ (အစား) ကြည်း ၃၂၅၇၁
ဗိုလ်မှူးကျော်မင်းထွန်း ဗိုလ်မှူးမြင့်နိုင်

(၁၅) ကြည်း ၃၃၁၂၆ (အစား) ကြည်း ၃၅၃၄၆
ဗိုလ်မှူးပြည့်စုံအောင် ဗိုလ်မှူးဟိန်းဇေမြင့်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

(၁၆) ကြည်း ၂၂၅၉၅ (အစား) ကြည်း ၂၃၃၄၉
ဗိုလ်မှူးရဲမြင့်ထွန်း ဗိုလ်မှူးထင်လတ်ဦး

(၁၇) ကြည်း ၃၁၃၅၇ (အစား) အင်န် ၅၆၄
ဗိုလ်မှူးမိုးဇော်လှိုင် ဗိုလ်မှူးဒေါ်နှင်းယုကျော်

**ရှမ်းပြည်နယ်လွှတ်တော်**

(၁၈) ကြည်း ၁၉၄၁၄ (အစား) ကြည်း ၂၈၂၄၂
ဗိုလ်မှူးဇော်မြင့်ဝင်း ဗိုလ်မှူးနေမျိုးဦး

(၁၉) ကြည်း ၃၀၆၄၄ (အစား) ကြည်း ၂၈၄၇၄
ဗိုလ်ကြီးမိုးခိုင် ဗိုလ်မှူးအောင်သူခိုင်

(၂၀) ကြည်း ၃၆၄၅၇ (အစား) ကြည်း ၂၄၁၆၆
ဗိုလ်ကြီးအောင်သူရထွန်း ဗိုလ်မှူးသန်းထွန်းဦး

(၂၁) ကြည်း ၅၃၆၄၀ (အစား) ကြည်း ၂၈၂၈၃
ဗိုလ်ကြီးကျော်ညီညီသော် ဗိုလ်မှူးရဲလွင်

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

(၂၂) ကြည်း ၂၅၀၇၂ (အစား) ကြည်း ၃၆၄၄၃
ဗိုလ်မှူးမြင့်နိုင် ဗိုလ်ကြီး/ဗိုလ်မှူးမျိုးသန့်

(၂၃) ကြည်း ၂၉၈၈၀ (အစား) ကြည်း ၃၄၉၆၀
ဗိုလ်ကြီးသောင်းစိန် ဗိုလ်ကြီးကျော်ထွန်း

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်မှအဆက်**

(၂၄) ရဲ ၃၈၉၃ (အစား) ရဲ ၄၁၅၉
ဗိုလ်မှူးအောင်မျိုးလှိုင် ဗိုလ်မှူးအောင်ပြည့်စုံ

အမိန့်အရ

မြင့်နိုင်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၆/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

**ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ. အ. မ. ဖ) ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အိမ်အမှတ် (ည/၁၀၉၄)၊ နယ်မြေ (၃)၊ အနောက်မြို့ပတ်လမ်း၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ. အ. မ. ဖ) ပါတီ**အား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ. အ. မ. ဖ) ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ **( ၇၃ )** ဖြစ်ပါသည်။

အမိန့်အရ

မြင့်နိုင်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )

**ကွှမ်းကျင်သူအဖြစ်မှ အနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၅/၂၀၁၃ ဖြင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ ကျွမ်းကျင်သူအဖြစ် တစ်နှစ်ခန့်အပ်ခဲ့သော ဦးသန်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အငြိမ်းစား) သည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် တာဝန်ထမ်းဆောင်သည့်ကာလ ပြည့်မြောက်ပြီးဖြစ်သဖြင့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှစ၍ ကျွမ်းကျင်သူအဖြစ်မှ အနားယူခွင့်ပြုလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၇/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် )

**ချင်းအမျိုးသားပါတီ (Chin National Party) အား ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၂၁) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ချင်းအမျိုးသားပါတီ (Chin National Party)** သည် ယင်းပါတီ၏အမည်ကို **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏ အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ချင်းအမျိုးသားပါတီ (Chin National Party)** အား ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှစ၍ **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၄**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

**ဒုတိယညွှန်ကြားရေးမှူးရာထူး တိုးမြှင့်ခန့်ထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးလက်အောက်ခံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) (၈) ဦးတို့အား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများသို့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တစ်နှစ် အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **တိုးမြှင့်သည့်ရာထူး** | **တိုးမြှင့်ခန့်ထားသည့်ရုံး** |
|---|---|---|---|
| (၁) | ဦးကျော်ကျော်စိုး | ဒုတိယညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီး |
| (၂) | ဦးခင်ဇော်ထွန်း | ဒုတိယညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး |
| (၃) | ဦးအောင်ကျော်မိုး | ဒုတိယညွှန်ကြားရေးမှူး | ပဲခူးတိုင်းဒေသကြီး |
| (၄) | ဦးအောင်မျိုးလွင် | ဒုတိယညွှန်ကြားရေးမှူး | စစ်ကိုင်းတိုင်းဒေသကြီး |
| (၅) | ဦးဟိဏ်းလင်းထက် | ဒုတိယညွှန်ကြားရေးမှူး | မွန်ပြည်နယ် |
| (၆) | ဦးစိုးထွဋ်ဦး | ဒုတိယညွှန်ကြားရေးမှူး | မကွေးတိုင်းဒေသကြီး |
| (၇) | ဦးသန်းလွင်မြင့် | ဒုတိယညွှန်ကြားရေးမှူး | ရှမ်းပြည်နယ် |
| (၈) | ဦးထိန်လင်းဦး | ဒုတိယညွှန်ကြားရေးမှူး | တနင်္သာရီတိုင်းဒေသကြီး |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၄**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

**လက်ထောက်ညွှန်ကြားရေးမှူးရာထူး တိုးမြှင့်ခန့်ထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးလက်အောက်ခံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀- ၂,၀၀၀-၁၃၀,၀၀၀) (၂) ဦးတို့အား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာများသို့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တစ်နှစ် အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **တိုးမြှင့်သည့်ရာထူး** | **တိုးမြှင့်ခန့်ထားသည့်ရုံး** |
|---|---|---|---|
| (၁) | ဦးတင်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး |
| (၂) | ဦးထွန်းမင်းလတ် | လက်ထောက်ညွှန်ကြားရေးမှူး | ပဲခူးတိုင်းဒေသကြီး |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၄

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် )

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များကို အများပြည်သူတို့ ရှင်းလင်းစွာသိရှိနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုချက်များ တင်ပြရာတွင် ငွေကြေးကုန်ကျမှုများပြားကြောင်း သတင်းများထွက်ပေါ်လျက်ရှိရာ ရင်းနှီးမြှုပ်နှံသူများနှင့် ကမကထပြုသူများ အနေဖြင့် ကော်မရှင်က ဆောင်ရွက်သည့် ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာသိရှိရန် လိုအပ်လျက်ရှိသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) သတ်မှတ်ထားသော အဆိုပြုချက်ပုံစံတွင် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူက ရေးသားဖြည့်သွင်းပြီး ပြည့်စုံသောအဆိုပြုချက်ပြုစုရခြင်း။

(ခ) အဆိုပြုချက်ကို နေပြည်တော်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးအဖွဲ့သို့သော်လည်းကောင်း၊ ရန်ကုန် (ရုံးခွဲ) သို့သော်လည်းကောင်း သွားရောက်တင်ပြရခြင်းနှင့် တင်ပြလာသော အဆိုပြုချက်ကို ကော်မရှင်ရုံးအဖွဲ့ဝန်ထမ်းများက စာရွက်စာတမ်းပြည့်စုံမှု ရှိ-မရှိ စိစစ်လက်ခံခြင်း။

(ဂ) ပြည့်စုံသောအဆိုပြုချက်ကို နေပြည်တော်၌ အပတ်စဉ်ကျင်းပသည့် အဆိုပြုချက်စိစစ်ရေးအဖွဲ့ (Proposal Assessment Team) အစည်းအဝေးသို့ တင်ပြဆွေးနွေးခြင်း။

(ဃ) အဆိုပြုချက်စိစစ်ရေးအဖွဲ့ (Proposal Assessment Team) အစည်းအဝေးက အတည်ပြုလျှင် အဆိုပြုချက်ကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆိုပြုချက်တင်သွင်းသူထံသို့ အကြောင်းပြန်ကြားခြင်း။

(င) လက်ခံပြီးသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သဘောထားနှင့် သက်ဆိုင်ရာဝန်ကြီးဌာန သဘောထားများ တောင်းခံခြင်း။

(စ) သဘောထားမှတ်ချက်များ ပြည့်စုံပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးသို့ အဆိုပြုချက်ကို တင်ပြဆွေးနွေးခြင်းနှင့် အဆိုပါအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူကို ဖိတ်ကြား၍ တက်ရောက်ဆွေးနွေးတင်ပြခွင့်ပြုခြင်း။

(ဆ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက ခွင့်ပြုကြောင်း ဆုံးဖြတ်လျှင် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူထံ ခွင့်ပြုမိန့် ထုတ်ပေးခြင်း။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် အပိုဒ် ၂ ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူနှင့် ကမကထပြုသူတို့သည် ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများ ပေးဆောင်ရန် မလိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာပါ ကိစ္စရပ်နှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည် -

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၄၀၆၁၂၁ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၄၀၆၃၄၂ |
| ညွှန်ကြားရေးမှူး (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဌာန) | ၀၆၇-၄၀၆၃၃၄ |
| ညွှန်ကြားရေးမှူး (မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဌာန) | ၀၆၇-၄၀၆၁၃၉ |

ဝင်းရှိန်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

အမှတ် ၁၁ ။ ။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၄) ၏သဘောတူညီချက်အရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်ရုံးမှ ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးမြင့်သိန်းအား ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်မှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် ( ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## <u>အပိုင်း ၂</u>

### ပြည်သူ့လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အမှတ် (၁) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ကြည်း ၂၇၄၇၇ ဒုတိယဗိုလ်မှူးကြီး ဇော်ဟိန်းအား ပြည်သူ့လွှတ်တော်ရုံးတွင် ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၄)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အောက်ပါအရာရှိများအား ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး/လစာနှုန်းထား |
|---|---|---|
| ၁။ | ကြည်း ၂၇၄၀၅<br>ဗိုလ်ကြီးကျော်မင်းထွန်း<br>တပ်မတော်ဗိုလ်ရွေးအဖွဲ့ | လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၂။ | ကြည်း ၂၈၇၁၃<br>ဗိုလ်ကြီးညွန့်လင်း<br>တပ်မတော်ဗိုလ်ရွေးအဖွဲ့ | လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |

| စဉ် | အမည် | ရာထူး/လစာနှုန်းထား |
|---|---|---|
| ၃။ | ကြည်း ၂၉၅၈၉<br>ဗိုလ်ကြီးမျိုးမင်းသူ<br>အမှတ် (၁) အခြေချဆေးသိုလှောင်ရေးတပ် | လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၄။ | ကြည်း ၂၉၉၀၈<br>ဗိုလ်ကြီးစိုင်းဆမ်<br>တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ | လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၅။ | ကြည်း ၃၆၆၀၈<br>ဗိုလ်ကြီးလှမျိုး<br>အမှတ် (၁၄၈) ခြေလျင်တပ်ရင်း | လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

[ ယခင်အပတ်မှအဆက် ]

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

အမှတ် ၁၄၅/၂၀၁၃ ။ ။ တပ်မတော်နည်းပညာတက္ကသိုလ်၊ အမှတ်စဉ် (၁၆) ဗိုလ်လောင်း သင်တန်းမှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၂၀၁) | ကျော်ဇော်ထက် | ကြည်း | ၆၆၂၀၂ |
| (၂၀၂) | ထက်လင်းအောင် | ကြည်း | ၆၆၂၀၃ |
| (၂၀၃) | ပိုင်နေစိုး | ကြည်း | ၆၆၂၀၄ |
| (၂၀၄) | ဖုန်းမြင့်သူ | ကြည်း | ၆၆၂၀၅ |
| (၂၀၅) | ချစ်စိုးလွင် | ကြည်း | ၆၆၂၀၆ |
| (၂၀၆) | အောင်နိုင်စိုး | ကြည်း | ၆၆၂၀၇ |
| (၂၀၇) | ကျော်မျိုးထွန်း | ကြည်း | ၆၆၂၀၈ |
| (၂၀၈) | အောင်အောင် | ကြည်း | ၆၆၂၀၉ |
| (၂၀၉) | ဟိန်းအောင် | ကြည်း | ၆၆၂၁၀ |
| (၂၁၀) | ရန်နိုင်စိုး | ကြည်း | ၆၆၂၁၁ |
| (၂၁၁) | သက်ပိုင်စိုး | ကြည်း | ၆၆၂၁၂ |
| (၂၁၂) | အောင်ဖြိုးသူ | ကြည်း | ၆၆၂၁၃ |
| (၂၁၃) | အောင်သီဟ | ကြည်း | ၆၆၂၁၄ |
| (၂၁၄) | ထိုက်အောင် | ကြည်း | ၆၆၂၁၅ |
| (၂၁၅) | ဟိန်းထက်အောင် | ကြည်း | ၆၆၂၁၆ |

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် ( ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ် ၂/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

၁။ သမဝါယမဝန်ကြီးဌာနအောက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) နှင့် ယွန်းပညာကောလိပ်၊ ပုဂံမြို့တို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် **အမျိုးသားများ** လျှောက်လွှာတင်သွင်းနိုင်ပါသည် -

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (က) | အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန (ရုံးချုပ်) | လက်ထောက်အင်ဂျင်နီယာ | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (ချည်မျှင်နှင့်အထည်)/ အင်ဂျင်နီယာဘွဲ့ (စက်မှု) |
| (ခ) | ယွန်းပညာကောလိပ် ပုဂံမြို့ | လက်ထောက်ကထိက | ၁ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

(ခ) ၁၃-၃-၂၀၁၄ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းလိုအပ်ချက်အရ ယာယီခရီးထွက်ခွာ တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၃-၃-၂၀၁၄ ရက်နေ့ အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/

ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့ အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနကို တိတိကျကျ ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၇-၆-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၁၇/ရွေးချယ်ရေး (အမိက)/၂၀၁၃ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိ စာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၁၃-၃-၂၀၁၄ နေ့ အရောက်ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂၅-၁၀-၂၀၁၄ ရက် (စနေနေ့) တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၂၆-၁၀-၂၀၁၄ ရက် (တနင်္ဂနွေနေ့) တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၃-၁၀-၂၀၁၄ ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၈။ ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ **သမဝါယမဝန်ကြီးဌာန၏ သီးခြားစည်းကမ်းချက်များရှိပါသဖြင့်** "အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် (၁၆)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၁၀၃၉၇)" သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇-၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

အမိန့်အရ

(ပုံ) ဝေမြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရာထူးဝန်အဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ် ၄/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

၁။ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာ တင်သွင်းနိုင်ပါသည် -

| **စဉ်** | **ဌာန** | **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
|---|---|---|---|---|
| (က) | ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း | စာတည်း (အမျိုးသား) | ၅ နေရာ | မဟာဝိဇ္ဇာဘွဲ့ (သို့မဟုတ်) မဟာသိပ္ပံဘွဲ့ |
| | | (အမျိုးသမီး) | ၅ နေရာ | |
| (ခ) | ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | စာပေစိစစ်ရေးမှူး | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ/ အင်္ဂလိပ်ဘာသာ) |
| | | | ၃ နေရာ | မဟာဥပဒေဘွဲ့ |
| | | | ၁ နေရာ | မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာ)/ မဟာကွန်ပျူတာသိပ္ပံဘွဲ့/ မဟာကွန်ပျူတာ နည်းပညာဘွဲ့ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

(ခ) ၁၃-၃-၂၀၁၄ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၃-၃-၂၀၁၄ ရက်နေ့ အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့ အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနကို တိတိကျကျ ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။** လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀/- ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၇-၆-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၁၇/ရွေးချယ်ရေး (အဓိက)/၂၀၁၃ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စု ရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိ စာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၁၃-၃-၂၀၁၄ ရက်နေ့အရောက် ပေးပို့ရမည်။

၇။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂၅-၁၀-၂၀၁၄ ရက် (စနေနေ့) တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၂၆-၁၀-၂၀၁၄ ရက် (တနင်္ဂနွေနေ့) တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၃-၁၀-၂၀၁၄ ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၉။ ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ **"ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွက် သီးခြားစည်းကမ်းချက်များရှိပါသဖြင့် ရုံးအမှတ် (၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၁၂၀၂၄) (သို့မဟုတ်) မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီး (ဖုန်း ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃)"** သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇-၄၀၉၄၇၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၁။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

အမိန့်အရ

(ပုံ) ဝေမြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရာထူးဝန်အဖွဲ့။

## Kyi Thant Mining Co., Ltd.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၅-၃-၂၀၁၄ ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသောအစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို ၇-၄-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အေးအေးသန့်
မန်နေးဂျင်းဒါရိုက်တာ
ကြည်သန့် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

ဦးခင်ဝင်း
B.A., H.G.P., R.L., D.B.L., D.I.L., D.M.L.,
P.G.D.I.T (New Delhi) ; D.Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) - အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) - ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၂၉၈၃၇၈၊ ၀၉၅၀၀၈၅၈၃

## KYET SHAR SOON MANUFACTURING CO., LTD.

**ဖျက်သိမ်းရန်ကြေညာချက်**

၁။ **KYET SHAR SOON MANUFACTURING CO., LTD.** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၄ ခုနှစ်၊ မတ်လ (၁) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

TUN MYINT
Managing Dierctor
KSS Manufacturing Co., Ltd.

ဦးဇင်ဝေ
(B.Com, C.P.A) 210
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## MYANMAR AQUOLOGY LIMITED

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**MYANMAR AQUOLOGY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အမှတ် ၁၀/ဘီ၊ ဦးဘအိုလမ်းသွယ်၊ ၂-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ (၇-၄-၂၀၁၄) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဒေါ်မာမာဝင်း<br>
စာရင်းစစ်<br>
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာကုမ္ပဏီများအက်ဥပဒေနှင့်

## အထက်တန်းအတတ်ပညာ ကုမ္ပဏီလီမိတက်

(ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၅၅၈/၂၀၀၅-၂၀၀၆)

အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများ တောင်းခံရန်သတိပေးခြင်း

၂၀၁၄ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည် -

၁။ ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရူ(ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၆-၄-၂၀၁၄) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်နန့်သောင်းရင် (ခ)<br>
ဒေါ်နန့်သဲမေ<br>
မန်နေးဂျင်းဒါရိုက်တာ<br>
အထက်တန်းအတတ်ပညာ ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု<br>
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ<br>
ဖမ်မက်ဂရူ(ပ်)<br>
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊<br>
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>
ဖုန်း - ၀၁-၂၃၀၄၃၄၉၊ ၀၁-၅၂၃၃၂၇

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၇-၃-၂၀၁၄။